ပုံစံ(၉)

ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

ခုံသမာဓိအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ်( ၂၁/၂၀၂၄ )

| | |
|---|---|
| ဒေါ်ဝင်းလှဲ့မိုး (အလုပ်သမား)<br>အမှတ်(၁၂၇)၊ နွယ်နီ(၂)လမ်း၊<br>လှိုင်သာယာမြို့နယ်။<br>၀၉-၇၉၀ ၈၆၃ ၈၆၈ | တောင်းဆိုသူ |

နှင့်

| | |
|---|---|
| Mr. Xia Xinglei (အလုပ်ရှင်)<br>ဒေါ်တင်နီလာထွန်း(HR)<br>Myanmar Dongxin Garment Co., Ltd<br>(အထည်ချုပ်စက်ရုံ)အမှတ် (၂၄)၊<br>နဝဒေးမင်းကြီးလမ်း၊ စက်မှုဇုန်(၃)<br>လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။<br>၀၉-၇၅၀ ၃၀၂ ၇၁၄ | တောင်းဆိုခြင်းခံရသူ |

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ စက်မှုဇုန်(၃)၊ နဝဒေးမင်းကြီးလမ်း၊ အမှတ်(၂၄)ရှိ Myanmar Dongxin Garment Co., Ltd (အထည်ချုပ်စက်ရုံ)အလုပ်ရှင် Mr. Xia Xinglei (အလုပ်ရှင်)၊ ဒေါ်တင်နီလာထွန်း(HR)နှင့် အလုပ်သမား ဒေါ်ဝင်းလှဲ့မိုးတို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များ၊ သက်သေထွက်ဆိုချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

အမှုဖြစ်စဉ်အကျဉ်းချုပ်

၃။ ယခုအငြင်းပွားမှုသည် Myanmar Dongxin Garment Co., Ltd (အထည်ချုပ်စက်ရုံ)မှ လိုင်း(၇)ရှိ အလုပ်သမားများ၏ Grade (A)(A +)သတ်မှတ်ချက်များအပေါ် WCC သို့ တင်ပြညှိနှိုင်းစေခဲ့ရာ သဘောတူညီမှုရရှိပြီးသော်လည်း ဖြင်ပပုဂ္ဂိုလ်အချို့မှ စက်ရုံနှင့် WCC တွင် တင်ပြသူများအား အသက်အန္တရာယ်ရှိသည့်စကားများဖြင့် ခြိမ်းခြောက်မှုများရှိပြီး ၎င်းကိစ္စသည် WCC ထံ တင်ပြရန် စီစဉ်ပေးခဲ့သည့် ဒေါ်ဝင်းလဲ့မိုးနှင့်ပတ်သက်ကြောင်း အလုပ်ရှင်မှ ထင်မြင်ယူဆ၍ နစ်နာကြေးပေးကာ အလုပ်ရပ်ဆိုင်းခဲ့သောကြောင့် ဒေါ်ဝင်းလဲ့မိုးမှ နစ်နာကြေးမယူဘဲ အလုပ်ပြန်လည်ရရှိလိုကြောင်း တိုင်ကြားရာ ပြေလည်မှုမရှိခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ ပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

ကောက်ချက်။ အလုပ်ရှင်က အလုပ်သမား ဒေါ်ဝင်းလဲ့မိုးအား အလုပ်ပြန်လည်ခန့်ထားရန် သင့်/မသင့်။

စစ်ဆေးတွေ့ရှိချက်

၄။ အလုပ်သမား ဒေါ်ဝင်းလဲ့မိုးမှ ထွက်ဆိုတင်ပြရာတွင် ဒေါ်ဝင်းလဲ့မိုးသည် (၆-၁၀-၂၀၂၂) ရက်နေ့တွင် Sample ရာထူးဖြင့် စတင်ဝင်ရောက်ခဲ့ပြီး လစာ အချိန်ပိုမပါ(၃၆၂၀၀၀/-ကျပ်)ရရှိခဲ့ကြောင်း၊ (၁၂-၇-၂၀၂၄) ရက်နေ့တွင် အလုပ်မှရပ်စဲခံရကြောင်း၊ ရပ်စဲခံရသည့်အကြောင်းမှာ လိုင်း(၇)တွင် A Grade သမားများ လစာတူမရသဖြင့် လိုင်း(၇)မှ ဒေါ်စုဒါလီဝင်းအား ခေါ်ယူပြီး လန်းဆန်းမြန်မာအထည်ချုပ် သမဂ္ဂမှ ဒေါ်ဖြိုးသီတာဝင်းနှင့် ဒေါ်ဖူးမြင့်သွယ်တို့ တိုင်ပင်ပြီး ဒေါ်စုဒါလီဝင်းအား WCCထံ စာတင်ရန်ပြောလိုက်ကြောင်း၊ WCCတွင် ညှိနှိုင်းစဉ် (၈-၇-၂၀၂၄) ရက်နေ့၊ (၁၀-၇-၂၀၂၄) ရက်နေ့များတွင် လူမှုဖူလုံရေးခွင့်ယူထားသဖြင့် ညှိနှိုင်းမှုရလဒ်အား မိမိမသိရှိကြောင်း၊ (၁၁-၇-၂၀၂၄) ရက်နေ့ ညနေ အလုပ်ဆင်းရာ HR မှ မိမိအား ဆူပူအောင်နှိုးဆော်သည်ဟုဆိုပြီး နစ်နာကြေးထုတ်ပေး၍ အလုပ်ထုတ်ခဲ့ပါကြောင်း၊ နစ်နာကြေးမယူခဲ့ပါကြောင်း၊ (၁၂-၇-၂၀၂၄) ရက်နေ့တွင် WCC သို့ ညှိနှိုင်းပေးရန် စာတင်ခဲ့ရာ အဆင်မပြေပါကြောင်း၊ (၁၅-၇-၂၀၂၄) ရက်နေ့

တွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ပါကြောင်း၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ (၃)ကြိမ်တိုင်တိုင် ညှိနှိုင်းပေးခဲ့ရာ အလုပ်ပြန်လည်ဝင်ရောက်လိုကြောင်း၊ အလုပ်ရှင်မှ လက်မခံသဖြင့် ပြေလည်မှုမရရှိခဲ့ပါကြောင်း၊ ဒေါ်ဝင်းလဲ့မိုးအနေဖြင့် အလုပ်သာပြန်လည်ဝင်ရောက်လိုကြောင်း နစ်နာကြေးပေးပါက မယူလိုကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၅။ အလုပ်ရှင်၏ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်တင်နီလာထွန်း(HR)မှ ထွက်ဆိုတင်ပြရာ စက်ရုံတွင် ကျား(၁၈၉)ဦး၊ မ(၆၆၇)ဦး၊ စုစုပေါင်း (၈၅၆)ဦးတို့ဖြင့် ဂျာကင်၊ ဘောင်းဘီတို့ကို ချုပ်လုပ်ပြီး ဂျပန်နိုင်ငံသို့ တင်ပို့ပါကြောင်း၊ အလုပ်သမားများ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ် EC စာချုပ် ချုပ်ဆိုထားပါကြောင်း၊ အလုပ်သမား ဒေါ်ဝင်းလဲ့မိုးသည် (၁-၁၁-၂၀၂၃) ရက်နေ့တွင် စာချုပ်သက်တမ်းကုန်ဆုံးပါကြောင်း၊ ဒေါ်ဝင်းလဲ့မိုးအား လိုင်း(၇)နှင့် ပတ်သက်၍ အဆင်မပြေသောကြောင့် (၁၂-၇-၂၀၂၄)ရက်နေ့တွင် နစ်နာကြေးပေး၍ အလုပ်မှရပ်နားခဲ့ပါကြောင်း၊ လိုင်း(၇)မှ အလုပ်သမားဒေါ်စုဒါလီဝင်းပါ(၉)ဦးသည် လစာကိစ္စနှင့်ပတ်သက်၍ နားလည်မှုလွဲပြီး ဒေါ်ဝင်းလဲ့မိုးနှင့် တိုင်ပင်ခဲ့ပါကြောင်း၊ ဒေါ်ဝင်းလဲ့မိုးက WCC သို့ စာဖြင့်တင်ပြရန် အကြံပေးခဲ့ပါကြောင်း၊ စက်ရုံတွင် Grade (A+) နှင့် (A)မှ လစာ ၂၀၀၀၀ မှ ၃၀၀၀၀ ကွာခြားပါကြောင်း၊ လိုင်း(၇)တွင် (A+) (၃/၄) ဦးရှိပြီး အချို့ကို (A+)အဖြစ် စူပါကမပေးခြင်း၊ လိုင်း(၇)တွင် လုပ်သား (၅၀/၆၀)ဦးခန့်ရှိခြင်းအပေါ် ကျေနပ်မှုမရှိသည့် အလုပ်သမား ဒေါ်စုဒါလီဝင်းပါ(၉)ဦးအား WCC တွင် ဖြေရှင်းပေးခဲ့ရာ နားလည်သဘောပေါက်ပြီး ကျေနပ်ခဲ့ကြပါကြောင်း၊ ထိုသို့ဖြေရှင်းပေးခဲ့မှုအား ဒေါ်ဝင်းလဲ့မိုးက ကျေနပ်မှုမရှိ၍ WCC သို့ ထပ်မံတိုင်ကြားရန် ပြောဆိုခဲ့ပါကြောင်း၊ အလုပ်သမား ဒေါ်စုဒါလီဝင်းပါ(၉)ဦးက ၎င်းတို့ ကျေနပ်၍ ထပ်မံမတိုင်ကြားလိုကြောင်း ပြောခြင်းကို ကျေနပ်မှုမရှိ၍ ဖုန်းဖြင့် ပြဿနာပြေငြိမ်းပေးသည့် ဝန်ထမ်းများအား တရားစွဲဆိုမည်ဟု ခြိမ်းခြောက်ပါကြောင်း၊ ထိုဝန်ထမ်းများမှ ထိုခြိမ်းခြောက်ခံရသည့်ကိစ္စအား ဖြေရှင်းပေးရန် WCC သို့ တင်ပြခဲ့ပါကြောင်း၊ WCC ဖြင့် ဖြေရှင်းခဲ့ပြီး ကျေနပ်ခဲ့သော အလုပ်သမား ဒေါ်စုဒါလီဝင်းပါ(၉)ဦးအား ပြင်ပအမည်မသိသူမှ အန္တရာယ်ရှိစေမည့် ခြိမ်းခြောက်မှုများရှိခဲ့ကြောင်း၊ ယင်းကိစ္စအား သက်ဆိုင်ရာရဲလုံခြုံရေးများထံ သတင်းပို့အကြောင်းကြားမှုပြုခဲ့ပါကြောင်း၊ ဒေါ်ဝင်းလဲ့မိုးအား အလုပ်ပြန်လည်ခန့်ထားပါက စက်ရုံရှိ အလုပ်သမားများ၏ လုပ်ငန်းခွင်အေးချမ်းသာယာရေးကို ထိခိုက်သဖြင့် အေးချမ်းစွာ လုပ်ကိုင်ဆောင်ရွက်သွားနိုင်ရေးအတွက် အလုပ်ပြန်လည်ခန့်ထားရန် ဆန္ဒမရှိပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

သုံးသပ်ချက်

၆။ ဒေါ်ဝင်းလဲ့မိုး၏ ကူညီဆောင်ရွက်ပေးမှုကြောင့် လိုင်း(၇)ရှိ အလုပ်သမားများ Grade (A+) ကိစ္စနစ်နာမှုရှိသည့်အပေါ် နားလည်သူများနှင့်တိုင်ပင်ပြီး WCC သို့ စာတင်ပြီးညှိနှိုင်းပေးရန် စီစဉ်ပေးမှုကြောင့် WCC တွင် (A+)ကိစ္စ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် စီစဉ်ဆောင်ရွက်ပေးရန် သဘောတူညီမှုရရှိခဲ့သဖြင့် အလုပ်သမားအချို့ ခံစားခွင့်ရရှိလာကြောင်း သုံးသပ်ရသည်။ သို့ရာတွင် WCC တွင် ညှိနှိုင်းပေးမှုအရ တောင်းဆိုသူ ဒေါ်စုဒါလီဝင်းပါ(၉)ဦးမှ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် လစာတိုးရရှိမည်ကို သဘောတူညီမှုရရှိခဲ့သော်လည်း ဒေါ်ဝင်းလဲ့မိုးက ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် ချက်ချင်းမပေး၍ ကျေနပ်မှုမရှိသောကြောင့် နောက်ဆက်တွဲပြဿနာများ ပေါ်ပေါက်လာခဲ့ကြောင်း သုံးသပ်ရသည်။ နုံသမာဓိအဖွဲ့က သက်သေအဖြစ် အလုပ်သမား ဒေါ်စုဒါလီဝင်းအား ခေါ်ယူစစ်ဆေးမေးမြန်းရာတွင် အထက်ပါသုံးသပ်ချက်များမှာ မှန်ကန်ကြောင်း သုံးသပ်ရသည်။

၇။ အလုပ်ရှင်မှလည်း ယခု အလုပ်ရှင်၊ အလုပ်သမားများ အခက်အခဲမျိုးစုံကြုံတွေ့နေချိန်တွင် အလုပ်သမား (၈၀၀)ဦး အေးချမ်းစွာ လုပ်ကိုင်လိုမှု၊ ပြင်ပမှ ခြိမ်းခြောက်မှုများ ဆက်လက်မရှိစေလိုသဖြင့် WCC ညှိနှိုင်းမှုအပေါ် ကာယကံရှင် အလုပ်သမား ဒေါ်စုဒါလီဝင်းပါ(၉)ဦးတို့က ကျေနပ်ပြီး ဒေါ်ဝင်းလဲ့မိုးက ကျေနပ်မှုမရှိခြင်းအပေါ် အလုပ်ရပ်စဲလိုက်သည့်အတွက် အလုပ်ရှင်၊ အလုပ်သမားနှစ်ဖက်၏ ဆက်ဆံရေးပြေလည်မှုမရှိတော့ကြောင်း သုံးသပ်ရသည်။

၈။ နှစ်ဖက်ဆက်ဆံရေး မပြေလည်သည့်အခြေအနေတွင် အလုပ်သမား ဒေါ်ဝင်းလဲ့မိုးအနေဖြင့် အလုပ်ခွင်ကို ပြန်လည်ဝင်ရောက်လုပ်ကိုင်မည်ဆိုပါက လုပ်ငန်းခွင်ဆက်ဆံမှုအခြေအနေ မည်သို့မျှ ကောင်းနိုင်ဖွယ်ရာမရှိကြောင်း နုံသမာဓိအဖွဲ့က သုံးသပ်ရရှိပါသည်။ ထို့ကြောင့် ဒေါ်ဝင်းလဲ့မိုးအား အလုပ်ပြန်မခန့်သင့်ကြောင်း သုံးသပ်၍ လုပ်သက်အလိုက် နစ်နာကြေးနှင့် နို့တစ်ကြေးပေးသင့်ကြောင်း သုံးသပ်၍ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

ဆုံးဖြတ်ချက်။ အလုပ်ရှင်က အလုပ်သမား ဒေါ်ဝင်းလဲ့မိုးအား အလုပ်ပြန်လည်ခန့်ထားရန် မလိုကြောင်း ဆုံးဖြတ်သည်။ သို့သော် နို့တစ်ကြေး (၁)လစာ ၃၆၂၀၀၀ /-ကျပ်နှင့် နစ်နာကြေး(၁)လစာ ၃၆၂၀၀၀ /- ကျပ် စုစုပေါင်း ၇၂၄၀၀၀ /- ကျပ်အား အလုပ်ရှင်ကပေးရန် ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၉။ တောင်းဆိုသူအား ပေးရန်ရှိသော ငွေများကို ဤဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ပေးရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူ တစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

| | | |
|---|---|---|
| (ဇင်ကေသွယ်) | (လွင်လွင်မြင့်) | (ကျော်ရှိဦး) |
| အတွင်းရေးမှူး | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ကျင်အေး) | (ဒေါက်တာခင်မောင်အေး) | ( လစ်လပ် ) | (မြင့်အောင်) |
| အဖွဲ့ဝင် | အဖွဲ့ဝင် | အဖွဲ့ဝင် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ကျော်ကျော်ညွန့်) | (စောတင်) | ( စိုးလွင် ) | (ငြိမ်းမောင်) |
| အဖွဲ့ဝင် | အဖွဲ့ဝင် | အဖွဲ့ဝင် | အဖွဲ့ဝင် |